ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)
# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)

ကွနီးကျေးရွာ၊ ကွနီးကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

# မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ........ ၂

၂။ကွန်းကျေးရွာအုပ်စုမြေပုံ........ ၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း........ ၄

၄။ကျေးရွာအခြေခံအချက်အလက်များ ........ ၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်........ ၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ........ ၁၈

၈။ ကျေးရွာကော်မတီဝင်များစာရင်း........ ၂၀


၉။ပုံစံ-၁။ကျေးရွာအချက်အလက်........ ၂၁

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........ ၂၄


၁၁။အစည်းအဝေးမှတ်တမ်းများ ........ ၂၇

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)........ ၃၃

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
သုံးခွမြို့
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -


ကွန်းကျေးရွာအုပ်စု အညွှန်းပြမြေပုံ
ကျောက်တန်းမြို့
N
ညွှန်ပြချက်
ကျေးရွာအုပ်စုနယ်ခြား
ကျေးရွာအုပ်စု
ကျေးရွာ
လမ်း
မြစ်/ချောင်း
တာ

## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

၁။ကွန်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ကွန်းကျေးရွာသည် ရှေးယခင်က မွန်လူမျိုးအများစု နေထိုင်သောကြောင့် မွန်ရွာဟု ခေါ်တွင်သည်။ အိမ်ခြေမှာ (၂ဝဝ)ခန့်သာရှိပြီး ဆင်းရဲသော ရွာလေးတစ်ရွာဖြစ်သည်။ အင်္ဂလိပ်မင်းများလက်ထက်တွင် လယ်ယာမြေများမှာလည်း ကုလားများသာ ပိုင်ဆိုင်ခဲ့သည်။ စာသင်ကျောင်းနှင့်ဘုရား တဆူသာ ရှိခဲ့ပါသည်။ အင်္ဂလိပ်ပြေး၍ ဂျပန်များရောက်လာပြီးချိန်တွင် မွန်လူမျိုးအများစုမှာ ပြောင်းရွှေ့သွားပြီး ဗမာလူမျိုးများနေထိုင်ခဲ့ပါသည်။ ယခင်က ကွန်းကျေးရွာ၏အမည်မှာ နီးရွာဟု အမည်တွင်ပြီး ခွံနီးမှ ကွံနီး၊ ကွံနီးမှ ကွန်းသို့ပြောင်းလဲလာခဲ့ပါသည်။ ဂျပန်ပြေး၍ မြန်မာအစိုးရတက်ပြီး နောက်ပိုင်းတွင် ကွန်းကျေးရွာတဖြည်းဖြည်း ပြောင်းလဲလာခဲ့ပြီး ယခင်က အိမ်ခြေ(၂ဝဝ)ခန့်သာ ရှိခဲ့သော်လည်း ယခုအခါ အိမ်ခြေ(၆၂ဝ)အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ကွန်းကျေးရွာသည် ကျောက်တန်းမြို့ မော်ဂန်းချောင်း၏ တောင်ဘက် ကားလမ်းခရီးဖြင့် တောင်ဘက် (၁၂)မိုင် ခန့်အကွာတွင် တည်ရှိပြီး မြောက်ဘက်တွင် စန္ဒီ-ကြာကန်၊ အရှေ့ဘက်တွင် ရွာသစ်ကလေးကျေးရွာအုပ်စု၏ ထန်းစုကွင်း၊ တောင်ဘက်တွင် ကမာကလုပ်ကျေးရွာနှင့် အနောက်ဘက်တွင် ဖွဲ့ဘာကုန်းတန်းကျေးရွာတို့တည်ရှိပါသည်။ ကွန်းကျေးရွာတွင် ဗမာလူမျိုးနှင့် ဟိန္ဒူလူမျိုးများနေထိုင်ကြသည်။ အဓိကအသက်မွေးကြောင်းလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ယခင်အိမ်ထောင်စု(၅ဝဝ)သာ ရှိခဲ့သော်လည်း ယခုအခါ အိမ်ထောင်စု (၆၃၈)စု အထိ တိုးတက်လာခဲ့ပြီး နေထိုင်မှုအဆင့်အတန်းများလည်း တိုးတက်ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၈၅ | ၂၅၃ | ၂၇၆ | ၅၂၉ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၅၀ | ၈၀ | ၁၀၀ | ၁၈၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၅ | ၄ | ၁ | ၅ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ဝက် | ဈေး ဆိုင် | |
| ပဲတီစိမ်း | ဘဲ | | |
| | ကြက် | | |
| | ဆိတ် | | |
| | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၃၃၅၃.၇၆ ဧက | ၆၀ဧက | | သဲရရှိ | ၁၁/၁၄ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိုက်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၉ | ၂၃ | ၁ | ၂ | - | ၁၃ |
| | | | | | | |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၅ | ၈၀ | ၈၀ | ၁၄ | ၁၁၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၅ | ၃၂ | ၅ | ၃၂၀ | ၃ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၁-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ကျေးရွာ လူထု | ၁၆ | ၁၇ | ၃၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ |
| ၂ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၁-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ကျေးရွာ လူထု။ | ၁၆ | ၁၇ | ၃၃ | ကျေးရွာအတွင်းအရင်းအမြစ်များ အားသိရှိခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် | ၁၁-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၆ | ၁၇ | ၃၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊အားလပ်ရက်များ၊ ပွဲတော်ရက်များ။ |
| ၄ | ပင့်ကူအိမ်သုံးသပ်ချက် | ၁၁-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီး များ | ၂၂ | ၄၃ | ၆၅ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | ဗင်းပုံစံသုံးသပ်ချက် | ၁၁-၁၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာလူထု | ၁၇ | ၁၁ | ၂၈ | အဖွဲ့အစည်းများသည် ကျေးရွာအတွင်း မည်သို့ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိစေရန်။ |
| ၆ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၁၁-၁၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၇ | ၁၅ | ၂၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |

## ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။





**သုံးသပ်ချက်**

ကွနီးကျေးရွာတွင် အိမ်ထောင်စု(၆၂၈)စု ရှိသည်။ လယ်လုပ်ကိုင်သူ နည်းပါးပြီး ကျပန်းအလုပ်သမားများသာ ပေါ်များသည်။ ရွာတွင် စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ဟိန္ဒူဘုရားကျောင်း၊ စာသင်ကျောင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ တံတားများ၊ လယ်ကွင်းများ၊ သောက်ရေကန်တို့ရှိပါသည်။ လွန်ခဲ့သော ငါးနှစ် အတွင်းတွင် ချောင်းများတိမ်ကောလာခဲ့ပါသည်။ ကျေးရွာအတွင်းတွင် ဗမာလူမျိုးများနှင့် ဟိန္ဒူလူမျိုးများသည် နေထိုင်ကြသည်။ ရွာသို့ပြောင်းရွှေ့လာသော အိမ်ထောင်စု(၃၃)စု ရှိပြီး ရွာမှပြောင်းရွှေ့သွားသော အိမ်ထောင်စု(၁၅)စု ရှိပါသည်။ စပါးနှင့် ပဲကိုသာ အဓိကထားစိုက်ပျိုးကြပြီး တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းကို အနည်းငယ် လုပ်ကိုင်ကြသည်။

ကွနီးကျေးရွာ၏ လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ လမ်းပြုပြင်ခြင်း၊ တံတားပြုပြင်ခြင်း၊ ရေပေးဝေရေး၊ အားကစားကွင်း၊ ဆေးပေးခန်း စသည်တို့မှာရွာ၏ လိုအပ်ချက်များဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်စက်ဝန်း)၌ ကျေးရွာ၏ ဦးစားပေးလုပ်ငန်းခွဲဖြစ်သော ကျေးရွာတွင်းလမ်းများ ပြုပြင်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ယခင်ထက်ပို၍ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာပြီဖြစ်သည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း။




| အဆင့်အတန်း | သတ်မှတ်ချက် / ညွှန်ကိန်းများ | အိမ်ထောင်စုစုပေါင်း အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြည့်စုံ | တိုက်အိမ်၊ ကား၊ လယ် (၅၀ ဧက)၊ ဆိုင်ကယ်၊ ရိတ်စက်၊ ထွန်စက်၊ ခြွေစက်၊ [illegible] | ၆၅ | ၁၀% |
| အလယ်အလတ် | ပျဉ်ထောင်အိမ်၊ လယ် (၁၀ ဧက)၊ တရုပ်ဆိုင်ကယ်၊ ကွန်ဒေါ်၊ နွား၊ ကျွဲ၊ စက်ဘီး၊ [illegible] | ၁၂၈ | ၂၀% |
| နွမ်းပါး | ဂါးခနိအိမ်၊ စက်ဘီး၊ လယ်မရှိ၊ [illegible] | ၄၄၅ | ၇၀% |
| စုစုပေါင်း | | ၆၃၈ | ၁၀၀% |


### သုံးသပ်ချက်

ကွန်းနီးကျေးရွာတွင် ပြည့်စုံ၊ အလယ်အလတ်၊ နွမ်းပါး ဟူ၍ လူမှုအဆင့် (၃)ဆင့် ရှိသည်ဟုရွာသားရွာသားများက သတ်မှတ်ကြသည်။ ပြည့်စုံသောအဆင့်မှာ တိုက်အိမ်၊ ကား၊ လယ်-၅၀ ဧကအထက်၊ TV၊ ဆိုင်ကယ်၊ ရိတ်စက်၊ ထွန်စက်၊ ခြွေစက် စသည်တို့ရှိပြီး အိမ်ထောင်စုမှာ(၆၅)စုနှင့် ရာခိုင်နှုန်းအားဖြင့်(၁၀)%သာ ရှိပါသည်။

အလယ်အလတ်အဆင့်တွင် ပျဉ်ထောင်အိမ်၊ လယ်(၁၀ )ဧက၊ တရုပ်ဆိုင်ကယ်၊ ကွန်ဒေါင်း၊ နွား၊ ကျွဲ၊ စက်ဘီး စသည်တို့ရှိသော အိမ်ထောင်စု (၁၂၈)စုနှင့် (၂၀)% ရှိပြီး၊ နွမ်းပါးသော မိသားစုများမှာ (၄၄၅)စု ရာခိုင်နှုန်းအားဖြင့် (၇၀)%အထိ ရှိပြီး ပိုင်ဆိုင်မှုများအနေနဲ့ ဂါးခနိမိုး အိမ်များသာ ရှိကြပြီး လက်လုပ်လက်စား ကျပန်းအလုပ်သမားများသာ ဖြစ်ကြသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း ၊ ပညာအရည်အချင်းနည်းပါးရခြင်း ၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




**သုံးသပ်ချက်**

**စိုက်ပျိုးရေး** စပါးကို နယုန်၊ ဂါဆို၊ ဂါခေါင်လတို့တွင် ထွန်ယက် စိုက်ပျိုးပြီး တန်ဆောင်မုန်းလ တွင် ရိတ်သိမ်းသည်။ ပဲကို နတ်တော်လတွင် စိုက်ပြီး တပို့တွဲလတွင် ခူးသည်။

**မွေးမြူရေး** ဘဲ၊ ဂက်၊ ကြက် စသည်တို့ကို တစ်နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် မွေးမြူသည်။

**လမ်းပန်းဆက်သွယ်ရေး -** တစ်နှစ်ပတ်လုံး ကျေးရွာသို့ သွားလာရန် လွယ်ကူအဆင်ပြေပါသည်။

**ပွဲတော်လများ** တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတို့ကျင်းပလေ့ရှိသည်။

**ဝင်ငွေ** အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် အားလပ်ချိန်များပြီးဝင်ငွေရရှိမှု အလွန်နည်းပါးသည်။ နေ့စားလုပ်ငန်းများဖြင့်သာလုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့်မိသားစုဝင်ငွေမှာနည်းပါးရခြင်းဖြစ်ပါသည်။


**၄။ ဗင်းပုံစံသုံးသပ်ချက်။**



**သုံးသပ်ချက်**

ကျေးရွာအတွင်း လူမှုရေးကိစ္စများတွင် လူမှုရေးအဖွဲ့၊ နာရေးကူညီမှုအသင်းအဖွဲ့၊ ဘိုးဘွားကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့တို့သည် လူမှုရေးကိစ္စများတွင် အဓိကဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။ ဘာသာရေးကိစ္စများတွင် ဂေါပကအဖွဲ့နှင့် ဂတ်ရွတ်အသင်းအဖွဲ့တို့ အဓိကပါဝင်ပြီး မြစိမ်းရောင်အဖွဲ့သည် ကျေးရွာဂင်ငွေရရှိရေးအတွက်အဓိကလုပ်ဆောင်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ရွာ၏ကိစ္စ မှန်သမျှကို ကူညီဖြေရှင်း လုပ်ကိုင်ပေးပါသည်။ ကျေးရွာမိခင်နှင့် ကလေးစောင့်ရှောက်ရေးသည် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာ၏မီးသတ်တပ်ဖွဲ့သည် မြို့၏မီးသတ်တပ်ဖွဲ့နှင့် ချိတ်ဆက်၍ ရွာ၏မီးဘေးအန္တရာယ်ကို ကာကွယ်ပေးသည်။ မီးလင်းရေးကော်မတီသည် မြို့နယ်လျှပ်စစ်ဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာအတွင်းရှိ ကျေးရွာစီမံခန့်ခွဲမှုကော်မတီသည်ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက် ဆောင်ရွက်သည်။

## ၅။ ပင့်ကူအိမ်နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**အိမ်မှုကိစ္စ** အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် အချိန်ပြည့် လုပ်ကိုင်နေရသည်ကို တွေ့ရသည်။

**အသင်းအဖွဲ့များတွင်ပါဝင်နိုင်မှု** - အမျိုးသားများသည် အမျိုးသမီးများထက် အသင်းအဖွဲ့အစည်းများတွင် ပိုမို ပူးပေါင်းပါဝင် လုပ်ကိုင် ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

**လူမှုရေး-** အမျိုးသားများသည် အမျိုးသမီးများထက် လူမှုရေး အဖွဲ့အစည်းများတွင် ပိုမို ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။


**ပညာရေး** - ပညာရေးတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ပညာသင်ကြားခွင့် ရရှိပြီး ပညာတတ်မြောက်မှုတွင် တန်းတူညီတူရှိကြောင်း တွေ့ရသည်။


**ကျန်းမာရေးအသိပညာ** - အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေး အသိပညာရရှိမှုတွင် အားနည်းနေသည်ကို တွေ့ရှိရပါသည်။ အမျိုးသားများသည် အချိန်နှင့်အမျှအပြင်ထွက်ပြီး ဝင်ငွေရှာခြင်း အသိပညာရှာခြင်းတို့ကြောင့် ကျန်းမာရေးအသိပညာများ ပါရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ဦးဆောင်နိုင်မှု** အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ဦးဆောင်နိုင်သည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် ရှေးရိုးအစဉ်အလာအရ အမျိုးသားများကို ပို၍ဦးစားပေးသောကြောင့် ဖြစ်ပါသည်။

**ဝင်ငွေရရှိမှု** ကွန်းကျေးရွာတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရသောကြောင့် ဝင်ငွေရရှိသောလုပ်ငန်းများတွင် ဝင်ရောက်မလုပ်ကိုင်နိုင်ကြပေ။

**အလုပ်အကိုင်အခွင့်အလမ်း** အမျိုးသမီးများသည် အိမ်ထောင်မှုကိစ္စများကိုသာ အချိန်ပေး၍ လုပ်ကိုင်နေရသောကြောင့် ဝင်ငွေရရှိနိုင်သော ပြင်ပအလုပ်အကိုင်များကို လုပ်ကိုင်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။


၁၁.၁၁.၂၀၁၇
မြေပိုင်ဆိုင်မှု သုံးသပ်ခြင်း
အမျိုးသား
အမျိုးသမီး
အမျိုးသား / အမျိုးသမီး




**သုံးသပ်ချက်**

**အသုံးပြုမှု** -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဆေးခန်း၊ တံတား၊ ဆိုင်ကယ်၊ လမ်း၊ လယ်၊ ရေကန်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတို့ကို အမျိုးသားနှင့် အမျိုးသမီးများအတူတကွ အသုံးပြုကြောင်းတွေ့ရပါသည်။ ဘောလုံးကွင်း နှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အမျိုးသားများသာ အသုံးပြုနေကြကြောင်း တွေ့ရပါသည်။ အပ်ချုပ်စက်နှင့် အလှပြင်လုပ်ငန်းသုံး ပစ္စည်းများကို အမျိုးသမီးသာ သုံးစွဲနေကြကြောင်း တွေ့ရပါသည်။

**ထိန်းချုပ်မှု** -ကျေးရွာတွင် လယ်၊ တံတား၊ ဆိုင်ကယ်၊ ဘုန်းကြီးကျောင်း၊ ရေကန်၊ စာသင်ကျောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လမ်း၊ ဆေးခန်း၊ ဘောလုံးကွင်း စသည်တို့ကို အမျိုးသားများသာ အများဆုံး ထိန်းချုပ်လုပ်ကိုင်နေကြကြောင်း တွေ့ရပါသည်။ အပ်ချုပ်စက်နှင့် အလှပြင်လုပ်ငန်းသုံး ပစ္စည်းများကို အမျိုးသမီးများသာ အဓိကထိန်းချုပ်လုပ်ကိုင်နေကြကြောင်း တွေ့ရပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။

လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ယုံကြည်ချက်များနှင့် ဆန္ဒများကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ထုတ်ပေးလိုကြောင်း ပြောကြားခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၁၂.၁.၂၀၁၈**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခတ်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓာတ်ပုံ



အမျိုးသားအဖွဲ့မှတ်တမ်းဓာတ်ပုံ



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းမှတ်တမ်းဓာတ်ပုံ



## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဇော်လွင်မိုး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်လဲ့လဲ့ဝင်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးရဲဝင်းထွန်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ |
| ၄ | ဒေါ်အေးအေးမွန် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ |
| ၅ | ဦးတင်ထွန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ |
| ၆ | ဒေါ်ညွန့်ညွန့်သန်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ |
| ၇ | ဦးမြင့်နိုင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ |
| ၈ | ဒေါ်ဝင်းသန်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ |
| ၉ | ဦးအောင်ဝင်း | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်နီနီမာ | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးလေးနောင် | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၂ | ဦးသောင်းလွင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဦးသန်းလွင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်ဝတ်မှုံ | မ | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်ခင်သီတာ | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၅) ယောက်ကျား-(၈) ယောက် +မ(၇) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးဇော်လွင်မိုး- ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဉက္ကဌ
၂။ဒေါ်ကေသီနိုင်- ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဉက္ကဌ
၃။ဦးဝင်းမင်းထွန်း ဘဏ္ဍာရေးဆပ်ကော်မတီ ဉက္ကဌ
၄။ဦးအောင်သန်းဝင်း- ဘဏ္ဍာရေးဆပ်ကော်မတီ စာရင်းကိုင်
၅။ဦးသိန်းဦး- ဘဏ္ဍာရေးဆပ်ကော်မတီ အဖွဲ့ဝင်
၆။ဦးလှမြင့် - အုပ်စုအဖွဲ့ဝင်
၇။ဒေါ်မင်းမင်းဖြူ - အုပ်စုအဖွဲ့ဝင်
၈။ဒေါ်မြင့်မြင့်နိုင် - အုပ်စုအဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည် - ဦးတင်သိန်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၇.၂.၂၀၁၈

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးသန်းနိုင်ထွေး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09451064799 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးတင်ဆိုင်း |
| ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း မြို့နယ် ကျောက်မဲ | ကျေးရွာအုပ်စု ကွဒီး | ကျေးရွာ ကွဒီး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၅၄၇ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၅၄၇ |
| လူမျိုးစု (၂) ---ပအိုဝ်း--- | ၈၂ | ဘာသာ (၂) ---ဗုဒ္ဓ--- | ၈၂ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၀၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၁၁၄၂ | ၁၀၅၉ |
| လူမျိုးစု (၂)---ပအိုဝ်း--- | ၂၅၈ | ၂၈၂ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၆၀၈ | ၃၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်*<br>အလယ်တန်း ၂ ခွဲ | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

| | ဝိုင်းပါ |
|---|---|
| (၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? | ရှိပါသည်/မရှိပါ/မသိပါ |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | နှစ်--------/မသိပါ |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ |

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုပဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစ်ကြီးရောင်---------------

(၂) လူငယ်ကူညီရေးအဖွဲ့

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးသန်းနိုင်ဝေ

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးတင်အောင်

လက်မှတ် [signature] နေ့စွဲ ၁၀.၁၀.၂၀၁၇

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦး တင် သိန်း |
| နေ့စွဲ - ၁၁. ၁၁. ၂၀၁၇ / စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရန်ကုန် / မြို့နယ် ကော့မှူး / ကျေးရွာအုပ်စု ကွင်ဒီး / ကျေးရွာ ကွင်ဒီး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ပညာရေး အလယ်တန်းကျောင်း အခက်အခဲ | ၁ | လမ်းပန်း ဆက်သွယ်ရေး (တံတား၊ လမ်း) |
| ၂ | ကျန်းမာရေး အခက်အခဲ | ၂ | ရေပေးဝေရေး စနစ်အခက်အခဲဖြင့် |
| ၃ | ကျေးရွာ ရေနုတ်မြောင်း အခက်အခဲ | ၃ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါး ခြင်း။ |
| ၄ | မီးအလင်း [illegible] မရှိသော အခက်အခဲ | ၄ | ပညာရေး အလယ်တန်းကျောင်း မရှိ အခက်အခဲ |
| ၅ | စိုက်ပျိုးရေး နည်းပညာ အခက်အခဲ | ၅ | ကျန်းမာရေး အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကန်ထုတ် လမ်းများ ရရှိလာရန် | ၁ | ပြည့်စုံသော အုပ်ချုပ်ရေး မှူးရုံး ဖြစ်ရန် |
| ၂ | ရေကို အချိန်မရွေး ~~[illegible]~~ အသုံးပြုနိုင်ရန် | ၂ | ကောင်းမွန်သော အားကစား ကွင်း ဖြစ်ရန် |
| ၃ | ကောင်းမွန် ပြည့်စုံသော ဆေးပေးခန်း ဖြစ်ရန် | ၃ | ကျောင်း ပရိဘောဂ များ ပေါများ ရန် |
| ၄ | အလုပ်အကိုင် အခွင့် အလမ်း ပေါ်ရန် | ၄ | အလယ်တန်း ကျောင်း ဖြစ်လာရန် |
| ၅ | အလယ်တန်း ကျောင်း ဖြစ်လာရန် | ၅ | အလွယ်တကူ သွားလာ နိုင်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အနောက်ပိုင်းတံတား | ကျား + မ | 21549300 | 2618 |
| ၂ | တောင်ပိုင်းလမ်း | ကျား + မ | 21549300 | 2618 |
| ၃ | ကျောင်းလမ်း အဆက် | ကျား + မ | 21549300 | 2618 |
| ၄ | ရေပေးဝေရေ | ကျား + မ | 21549300 | 2618 |
| ၅ | ဝါးတန်းလမ်း | ကျား + မ | 21549300 | 2618 |
| ၆ | [illegible] အုပ်ချုပ်ရေးရုံး | ကျား + မ | 21549300 | 2618 |
| ၇ | ကွင်ဒီး သင်္ချိုင်းလမ်း | ကျား + မ | 21549300 | 2618 |
| ၈ | [illegible]လမ်း | ကျား + မ | 21549300 | 2618 |
| ၉ | အားကစား ကွင်း | ကျား + မ | 21549300 | 2618 |
| ၁၀ | ကိုး[illegible] မြောက်ပိုင်းလမ်း | ကျား + မ | 21549300 | 2618 |
| ၁၁ | ဆေးပေးခန်း | ကျား + မ | 21549300 | 2618 |
| ၁၂ | ကျောင်း အားကစားကွင်း | ကျား + မ | 21549300 | 2618 |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ကျေးရွာရုံးဆောက်ရန် | ကျား + မ | |
| ၂။ | ကျောင်း ပရိဘောဂများ | ကျား + မ | |
| ၃။ | အာဟာရ [illegible] | ကျား + မ | |
| ၄။ | စက်မှု၊ လက်မှုသင်တန်း | ကျား + မ | |
| ၅။ | စိုက်ပျိုးရေး [illegible] | ကျား + မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးဇော်လှိုင်မိုး------ လက်မှတ်------[signature]------ နေ့စွဲ ၁၁. ၁၁. ၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ကျေးရွာရုံးဆောက်ရန် | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | အာဂျယ်လိုင် အာရွှင့်ကြယ် | ☐ မ ☐ ကျား | | |
| | ၂ | [illegible]မှု လက်မှုသင်တန်း | ☐ မ ☐ ကျား | | |
| | ၃ | စိုက်ပျိုးရေးအာဂျောက် ကျွမ်းကျင် [illegible] | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | ကျောင်းပရိဘောဂ | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

လူထုပံ့ပိုးပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

| | |
|---|---|
| ကျေးရွာ | ကွင်းကျေးရွာ |
| ကျေးရွာအုပ်စု | ကွင်းကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကွင်းကျေးရွာ ဘုန်းကြီးကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၁၁.၁၁.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ဒုတိယနှစ်စက်ဝန်း ပထမအကြိမ် မိတ်ဆက် အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၂၁၃)ဦး ၊မ (၁၂၈)ဦး= (၃၄၁) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သုပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ လူထုပံ့ပိုးပြု စီမံကိန်း အကြောင်း မိတ်ဆက်ခြင်းနှင့် ဆေးရာဝန်ထမ်းများရွေးချယ် အတည်ပြုခြင်း

ဆွေးနွေးချက်။ ။ ဒုတိယနှစ်စက်ဝန်း ပထမအကြိမ် မိတ်ဆက် အစည်းအဝေးကို လူထုစည်းရုံးရေးမှူး ဦးတင်ဆိုင်းမှ ကျေးရွာသူ/သားများအား စီမံကိန်း၏ ရည်ရွယ်ချက် မိတ်ဆက် (၁၅)ချက်အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်း၏ အဆိုင်း (၆)ဆိုင်း အဆင့် (၁၄)ဆင့်ကို ပြောဆို ရှင်းလင်းပြီး ရှင်းလင်းခဲ့သည့်အတိုင်း လုပ်ငန်းကို အကောင်အထည် ဖော်ကြရန် ပြောကြားခဲ့ပါသည်။ ဆက်လက်၍ စီမံကိန်း၏ ပစ်မှတ်ထားရှိသူများနှင့် တာဝန်ဝတ္တရားများ အကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကျေးရွာ ဆေးရာဝန်ထမ်းများ အားရောင်းနှစ်တွင် ဖြစ်လည်း တာဝန်ထမ်းဆောင်ခြင်း ရှိ/မရှိနှင့် ကျေးရွာ ဆေးရာ ဝန်ထမ်းများ လိုက်နာရမည့် တာဝန်များကို လိုက်နာခြင်းရှိ/မရှိ တစ်ခါကည်း မေးမြန်းပြောဆို ပွဲဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးချက် ။ ။ ဆက်လက်၍ စေတနာ့ဝန်ထမ်းများအား ဒုတိယနှစ် သက်တမ်းတွင် ဆက်လက်တာဝန် ထမ်းဆောင်ရန် ဆန္ဒရှိ/မရှိ မေးမြန်းဆွေးနွေးခဲ့ရာ စေတနာ့ဝန်ထမ်းအားလုံးမှ တာဝန် ဆက်လက် ဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းကို ကျေးရွာလူထုအများ ရှေ့တွင် ကတိပြုခဲ့သည်။ ကျေးရွာလူထုမှလည်း ၎င်း စေတနာ့ဝန်ထမ်းများ အား တာဝန် ဆက်လက်ထမ်းဆောင် စေပါ တောင်းဆိုသည့်အတွက်၊ ထောက်ခံ သည့်အတွက် စေတနာ့ဝန်ထမ်းများအား ဒုတိယနှစ် သက်တမ်း အတွက် ဆက် လက် တာဝန် ထမ်းဆောင်စေခဲ့သည်။

သဘောတူညီချက်။ ။ စေတနာ့ဝန်ထမ်းကော်မတီများကလည်း လိုက်နာရမည့် တာဝန်များကို အချက်များကို တစ်သွေမတိမ်း လိုက်နာဆောင်ရွက်ပါမည်ဟု ကျေးရွာလူထု အများရှေ့တွင် ပြောဆိုပြီး လက်မှတ်ရေးထိုး ဆက်လက် တာဝန်ထမ်း ဆောင်ခဲ့ပါသည်။ ဆက်လက်၍ ကျေးရွာလူထုအား လူမှုဆန်းစစ်မှုများ ပြုလုပ်ပြီး ကျေးရွာလူထုအား လူမှုဆန်းစစ်မှုလုပ်ရခြင်း အကြောင်းအရင်း အချက်အလက်များကို ရှင်းလင်းပြောပြပြီး အမြင်အယူ ဆွေးနွေးမေးမြန်း ပြောဆို မှုများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူ ကျေးရွာလူထု အား လူထုစည်းရုံးရေးမှူး ဦးတင်သိန်း မှ ကျေးဇူးတင်စကား ပြောကြားပြီး အစည်း အဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဦးတင်သိန်း

လူထုဗဟိုပြု စီမံကိန်း

လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

ကျေးရွာ ---- ကွမ်းခြံ

ကျေးရွာအုပ်စု ---- ကွမ်းခြံ

အစည်းအဝေးပြုလုပ်သည့်နေရာ ---- ကွမ်းခြံ ဘုန်းကြီး ကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---- ၁၁ - ၁၁ - ၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---- ဒုတိယ အကြိမ် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၂၁၃)ဦး ။မ (၁၂၈)ဦး= (၃၄၁) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ရွေးချယ်ခြင်းနှင့် ကော်မတီများ ဖွဲ့စည်းခြင်း

ဆွေးနွေးချက်(၁)။ ။ ဒုတိယနှစ်စက်ဝန်း ဒုတိယအကြိမ်မြောက် အစည်းအဝေးကို လက်ထောက်နည်းပညာမှူး ဒေါ်ချိုသက်မာမှ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသား ပထမနှစ် စက်ဝန်းမှ ရွေးချယ်ထားခဲ့သော မဲအစီအစဉ်အတိုင်း အလှည့်လိုက လုပ်နိုင်ကြောင်း ပြန်လည်ရွေးချယ် ပြုပြင်လိုပါက ပြုပြင်ပြောင်းလဲနိုင်ကြောင်း ကျေးရွာလူထုအား သဘောဆန္ဒကို မေးမြန်း ဆွေးနွေးခဲ့ကြပါသည်။

သဘောတူညီချက်။

"ကျေးရွာလူထုမှလည်း လုပ်ငန်းခွဲများ အား ပြန်လည်ပြု
ပြင်လိုပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် တောင်းဆိုလာသော
အခါ သက်တောက်နှင့် ဦးပညာမှူး မှ ကျေးရွာလူထုအား
အမျိုးသား/အမျိုးသမီး ကို ခွဲခြားခဲ့ထိုင်စေပြီး မိမိ
တို့တွင် အခက်အခဲများ၊ မျှော်မှန်းချက်များ၊
အားသာ အချက်များ၊ လို အပ်ချက်များ ကို ဆွေးနွေး
ပေါ်တွင် ချရေးစေပြီး ၊ အမျိုးသား၊ အမျိုးသမီး
များမှ တောင်းဆိုလာသော လုပ်ငန်းခွဲများ အား မဲပေးပြီး
ရွေးချယ်ဦးစားပေး အဆင့်သတ်မှတ်ခဲ့ပါသည်။
-(၁) အရောက်တံတား (၂) တောင်ပိုင်းလမ်း
(၃) ကျောင်းလမ်းအဆက် (၄) ရေပေးဝေရေး (၅)
ဝါးတန်းလမ်း (၆) ကန်ဦးဆောင်းအုပ်တောင်အပ်ဖြင်း
(၇) ကွင်း သဲကျွန်းလမ်း (၈) ခရာလမ်း (၉) အားကစား
ကွင်း (၁၀) တိုးချဲ့မြောက်ပိုင်းလမ်း (၁၁) ဆေးပေး
ခန်း (၁၂) ကျောင်း အားကစား ကွင်း (၁၃) စာကြည့်တိုက်
(၁၄) အရှေ့ပိုင်း ရေကန်တူးဖော်ခြင်း စသည်ဖြင့်
လုပ်ငန်းခွဲများကို အဆင့်သတ်မှတ်ပေးခဲ့ပါသည်။
ထိုရလဒ်အား ကျေးရွာလူထုမှလည်း သဘောတူညီခဲ့ကြ
ပါသည်။"

ဆွေးနွေးချက် ၁။

။ လူထုစည်းရုံးရေးမှူး ဦးတင့်သိုက်မှ ကော်မတီဝင်များအား
ဒုတိယပါတ်တွင် ဆက်လက်၍ တာဝန်ထမ်းဆောင်ပေးလို
ခြင်း ဆန္ဒရှိ/မရှိ အား ကော်မတီတစ်ဦးချင်းစီ ထံ၌ သဘော
ဆန္ဒကို မေးမြန်းခဲ့ပါသည်။ ကော်မတီများမှ အားလုံး
နှင့်ဦးပါးက ဖြေရှင်းပေးရသော်လည်း ဝေဖန်အကြံပြု
ကိုယ်စားကော်မတီမှ ဦးအောင်တင့်သည် ကော်မတီဝင်အဖြစ်
မှ နှုတ်ထွက်ခွင့်တောင်းပြီး နှုတ်ထွက်ခဲ့ပါသည်။ လူထုစည်း
ရုံးရေးမှူးမှ ဆက်လက်၍ တာဝန်ထမ်းဆောင်ပေးပါ
မည်ဟု ပြောဆိုသော ကော်မတီဝင်များအား ကျေးရွာ
လူထုမှ လက်ခံလိုပါသလား ဟု မေးမြန်းဆွေးနွေးခဲ့
ပါသည်။

သဘောတူညီချက်

။ ကျေးရွာလူထုမှ ဆက်လက်ထမ်းဆောင်ပေးသော ကော်မတီ
ဝင်များအား သဘောတူညီကြောင်း နှင့် ဦးအောင်တင့်အား
နှုတ်ထွက်ခွင့်ပြုပါကြောင်းလည်း သဘောတူညီခဲ့ကြ
ပါသည်။

ဆွေးနွေးချက်များ။ ။ လူထုစည်းရုံးရေးမှူး ဦးတင်ဝင်းမှ နှုတ်ခွန်းဆက်စကား
ပြောသော ဝေဖန်အကြံပြုမှု ဦးဆွဲတင်အား ပြန်လည်
စည်းရုံးသော်လည်း ပြန်လည် လုပ်ဆောင်ခြင်း မရှိသဖြင့်
ဦးဆွဲတင်နေရာတွင် အခြား အသားတပေါက်ကို
ရွေးချယ်ရန် အမျိုးသား (၃) ဦး အဆိုပြုခဲ့ပါသည်
ထို (၃) ဦးအား မဲပေး၍ ကျေးရွာလူထုကို ရွေးချယ်
စေခဲ့ပါသည်။ ထို (၃) ဦးမှ ဦးအောင်ဝင်းသည် မဲ
အများဆုံးရခဲ့ပါသည်။

သဘောတူညီချက်။ ။ ကျေးရွာလူထုကလည်း ဦးအောင်ဝင်း အား သ
ဘောတူညီကြောင်း ထောက်ခံခဲ့ကြပါသည်။

မှတ်ချက်။ ။ ဤ အတည်ပြုမှုများသည် ကျေးရွာလူထုတို့၏
သဘောတူညီမှုများသာ ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု….)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ…
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊